# အပတ်စဉ်ထုတ်ပြန်ချက် ၂၀၂၂ ခုနှစ် ဇွန်လ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ

- အကျဉ်းချုပ်
- လူ့အခွင့်အရေး ချိုးဖောက်မှုများ
- မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ
- နေ့စွဲအလိုက် မှတ်တမ်းများ

လူ့ အ ခွင့် အ ရေး မှတ် တမ်း ကွန် ရက် ( မြန် မာ နိုင် ငံ )

အပတ်စဉ်ထုတ်ပြန်ချက်ကြည့်ရန်

# အကျဉ်းချုပ်

၂၀၂၁+ သတ်ဖြတ်ခံရ
၁၄၂၈၀+ ဖမ်းဆီးခံခဲ့ရ
၁၁၂၁၇+ ချုပ်နှောင်ခံထားရဆဲ

## အာဆီယံသည် မြန်မာပြည်သူများအတွက် “တဖန်” ပျက်ကွက်ပြန်သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) သည် မြန်မာပြည်သူများအတွက် ထပ်မံပျက်ကွက် ခဲ့ပြန်သည်။ ဒဏ်ခတ်အရေးယူခံထားရသော စစ်ရာဇဝတ်ကောင်များကို ဖိတ်ကြားခြင်းမပြုရန် အရပ်ဘက်အဖွဲ့အစည်းများက တောင်းဆိုထားသော်လည်း အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ်မှ အကြမ်းဖက်စစ်တပ်ကိုယ်စားလှယ်အဖြစ် ဦးမြထွန်းဦးအား ဖိတ်ကြားမှုသည် အာဆီယံအပေါ် ယုံကြည်ကိုးစားမှုကို ထိခိုက်စေသည့် နောက်ထပ် အချက်တစ်ခုဖြစ်သည်။ မြန်မာစစ်တပ်၏ လက်ထဲတွင် သွေးစွန်းနေသည်။ အာဏာရလိုစိတ် ပြင်းပြမှုကြောင့် တိုင်းပြည်၏ နိုင်ငံရေးနှင့် စီးပွားရေးကို မငြိမ်မသက် ဖြစ်စေခဲ့သည်။ စစ်အာဏာရှင်များသည် ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာ အုပ်ချုပ်ရေးအဖွဲ့၏ တရားဝင်အသိအမှတ်ပြုခြင်းကို လုံးဝ မထိုက်တန်ပါ။

အာဆီယံသည် မြန်မာနိုင်ငံ၏ အကျပ်အတည်းမျိုးစုံကို တုံ့ပြန်ရာတွင် သမာဓိရှိရှိ ဦးဆောင်ရန် အခွင့်အလမ်းများစွာရှိသည်။ ယင်းအစား၊ ၎င်းတို့သည် ဒီမိုကရေစီ၏ အခြေခံမူများကို ကျောခိုင်းပြီး တိုင်းပြည်၏ငြိမ်းချမ်းရေး အလားအလာကို လမ်းကြောင်းလွဲနေသော အာဏာရှင်များအတွက် ကာကွယ်ပေးခဲ့သည်။ ဤကဲ့သို့ စစ်အုပ်စုဖြင့် အာဆီယံ လက်ဆွဲနှုတ်ဆက်ခြင်းသည် ပထမဆုံးအကြိမ်တော့ မဟုတ်ပါ။ ဘုံသဘောတူညီချက်ငါးရပ်သည် စစ်အုပ်စုအား အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တာဝန်ဝတ္တရားများကို ပျက်ကွက်ခဲ့ခြင်းကြောင့် အာဆီယံ အပေါ်ယုံကြည်စိတ်ချရမှုကို စိတ်ပျက်ပြီး အရှက်ရစေခဲ့သည်။ ထို့အပြင် စစ်ဗိုလ်ချုပ်ကြီးများအား ထည့်သွင်းစဉ်းစားရန် ယုံကြည်နိုင်လောက်သည့် အတိုင်းအတာမရှိသကဲ့သို့ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်  ကြီးကြီးမားမား အပြစ်ပေးခံရခြင်းဖြင့် ဆက်လက်ကျူးလွန်နိုင်စွမ်းကို ကန့်သတ်ထားသည့် အကျိုးဆက်များ မရှိကြောင်း ထပ်မံသိရှိလာရသည်။

စစ်အုပ်စုကို ဖိတ်ခေါ်ထားသည့် မည်သည့် ဖိတ်ကြားချက်ကိုမဆို ချက်ချင်း ရုတ်သိမ်းသင့်ပြီး ပါဝင်သည့် ပါတီများအနေဖြင့်လည်း ၎င်းတို့၏ ပါဝင်မှုကို ရုပ်သိမ်းခြင်းဖြင့် မြန်မာပြည်သူများနှင့် တစ်သားတည်းရှိကြောင်း ပြသသင့်သည်။ ဥပမာအားဖြင့် ဩစတေးလျသည် အကြမ်းဖက်မှု တိုက်ဖျက်ရေးအကြောင်းပြချက်ဖြင့် မော်စကိုတွင် ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ ရုရှားနှင့် မြန်မာတပ်မတော်တို့မှ အိမ်ရှင်အဖြစ် စီစဉ်ဆောင်ရွက်သော အစည်းအဝေးသို့ တက်ရောက်ခြင်းမပြုတော့ကြောင်း ကြေငြာခဲ့သည်။

ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သည့် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း အရပ်သား အနည်းဆုံး ၂၀၀၀ သေဆုံးခဲ့ရသည့် သမိုင်းမှတ်တိုင်ကို မှတ်တမ်းပြုစုထားသည်။ သတ်ဖြတ်ခြင်း၊ ထောင်ချခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများ ကျူးလွန်နေပြီး တရားဥပဒေစိုးမိုးရေးကို ဂရုမစိုက်သောတိုင်းပြည်အား ပစ်တင်ရှုတ်ချပြီး နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းရန် လိုသည်။

အာဆီယံ၏ နောက်ဆုံးအစည်းအဝေးသို့ ဖိတ်ကြားမှုသည် မြန်မာနိုင်ငံအကျပ်အတည်းတွင် အာဆီယံပါဝင်ဆောင်ရွက်သူများ၏ ရှုပ်ထွေးမှုကို အချက်ပြနေသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေမှုအတွက် ၎င်းတို့တွင် တာဝန်ရှိသည်ကို သံသယမရှိဘဲ ယူဆနိုင်သည်။

# လူ့အခွင့်အရေးချိုးဖောက်မှုများ

အမျိုးသမီးများအပေါ်အကြမ်းဖက်ခြင်း
နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခြင်း
စီးနင်းတိုက်ခိုက်ခြင်း

**မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်** – အသက် ၇ နှစ်အရွယ် ယောကျ်ားလေးနှစ်ဦး ဗုံးသီးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သည်။ အကြမ်းဖက်စစ်တပ်သည် ထိုးစစ်ဆင်ပြီး ရွာမှ ထွက်ခွာပြီးနောက် မြေမြှုပ်မိုင်းများ ထောင်ထားခဲ့သည်ကို ဒေသခံများ မသိရှိကြပါ။

**ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်**– စစ်ရှောင်စခန်းရှိ နေအိမ်တစ်လုံး အကြမ်းဖက်စစ်တပ်မှ ပစ်လွှတ်လိုက်သည့် လက်နက်ကြီး ၂ လုံး ထိမှန်၍ အမေနှင့် သမီး သေဆုံးခဲ့သည်။

**ရန်ကုန်တိုင်းဒေသကြီး၊** အင်းစိန်အကျဉ်းထောင်တွင် အသက် ၂၄ နှစ်အရွယ် ကိုယ်ဝန်ဆောင် နိုင်ငံရေး အကျဉ်းသူ တစ်ဦး မီးဖွားခါနီးချိန်တွင် ဆေးရုံသို့ နောက်ကျမှ ရောက်သွားသဖြင့် ၎င်း၏ ရင်သွေးငယ်ကို ဆုံးရှုံးခဲ့ရသည်။ ဤသည်မှာ မြန်မာနိုင်ငံရှိ နိုင်ငံရေး အကျဉ်းသားများအပေါ် မတရားကျူးလွန်မှုများထဲမှ နောက်ဆုံးကျူးလွန်မှု ဖြစ်သည်။

**ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်**– စစ်အာဏာရှင်တပ်၏ ပစ်ခတ်မှုကြောင့် ဒေသခံရွာသား ၃ ဦး သေဆုံးခဲ့ရသည်။ နေအိမ်များ ပြိုကျပျက်စီးခဲ့ပြီး အရပ်သားများ၏ စားဝတ်နေရေး အတွက် မှီခိုနေရသော လယ်မြေများ ပျက်စီးခဲ့သည်။

# မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

မြန်မာနိုင်ငံတွင် ထွက်ပြေးတိမ်းရှောင်သူ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ် ဦးရေသည် ပထမဆုံးအကြိမ် တစ်သန်းကျော်သွားပြီဖြစ်သည်။

## ချင်းပြည်နယ်

မြန်မာနိုင်ငံအနောက်ပိုင်း ချင်းပြည်နယ်တွင် တိုက်ပွဲများကြောင့် အရပ်သားများ လူသားဖြစ်တည်မှု ကင်းမဲ့နေသည်။ ကန်ပက်လက်မြို့နယ်တွင် တိုက်ပွဲများ ပြင်းထန်လာသောကြောင့် လူပေါင်း ၂၀၀၀ ကျော် ထွက်ပြေး ခိုလှုံခဲ့ရပါသည်။

**ထပ်မံဖတ်ရှုရန်**

## ကချင်ပြည်နယ်

ကချင်ပြည်နယ် ကွတ်ခိုင်မြို့နယ် အနီးရှိ စစ်ပြေးဒုက္ခသည်စခန်းတွင် ခိုလှုံနေရသည့် အရပ်သားများသည်လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း ခံခဲ့ရသည်။ ရွှေ့ပြောင်းဒုက္ခသည်များကို တမင် ပစ်မှတ်ထားပုံရသည့် တိုက်ခိုက်မှုတွင် အမျိုးသမီး သုံးဦး သေဆုံးပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးတွင် အရပ်သားများကို ပစ်မှတ်ထားသော နယ်မြေရှင်းလင်းရေး ထိုးစစ်ဆင်မှုများဆက်လက်ဖြစ်ပွားနေသည်။ ချိုးဖောက်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများသည် ပြင်းထန်ကြမ်းတမ်းပြီး မတရား ညှဉ်းပန်းနှိပ်စက်မှုများကို ရင်ဆိုင်နေရသည်။

**ထပ်မံဖတ်ရှုရန်**



# ချင်းပြည်နယ်

မြန်မာနိုင်ငံအနောက်ပိုင်း ချင်းပြည်နယ်တွင် တိုက်ပွဲများကြောင့် အရပ်သားများ လူသားဖြစ်တည်မှု ကင်းမဲ့နေသည်။ ကန်ပက်လက်မြို့နယ်တွင် တိုက်ပွဲများ ပြင်းထန်လာသောကြောင့် လူပေါင်း ၂၀၀၀ ကျော် ထွက်ပြေးခိုလှုံခဲ့ရပါသည်။ စစ်တက်၏ ပို၍ ဆိုးရွားလာသော ထိုးစစ်ဆင်မှုများမှ လွတ်မြောက်လာသူများသည် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အမိုးအကာများ ပြတ်လပ်နေသည့် တောအုပ်များတွင် ရှင်သန်ရန် ရုန်းကန်နေကြရသည်။ အရပ်သားများသည် မကြာခဏ ထွက်ပြေးတိမ်းရှောင်နေရသောကြောင့်  ၎င်းတို့၏ ပစ္စည်းများကို သယ်ယူနိုင်ခြင်းမရှိခဲ့ပေ။ ထွက်ပြေးတိမ်းရှောင်သူအများစုမှာ အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများ ဖြစ်သည်။

စစ်တပ်မှ  လူနေအိမ်များကို လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် မိခင်နှင့်သမီးတစ်ဦး အပြင် အသက် ၇၀ အရွယ် အဘိုးအိုတစ်ဦးအပါအဝင် အရပ်သားသုံးဦး သေဆုံးခဲ့သည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် ရွာသားများ နေထိုင်ရာ လယ်ကွင်းများ အပါအဝင် နေအိမ်များ ပြိုကျပျက်စီးကာ မြေပြင်များ တုန်ခါသွားကြောင်း မျက်မြင် သက်သေများ၏ ပြောကြားချက်အရ သိရသည်။ မင်းတပ်တွင် စစ်အုပ်ချုပ်ရေး ပြဋ္ဌာန်းထားပြီး အရပ်သား ထောင်နှင့်ချီ ဘေးလွတ်ရာသို့ ထပ်မံ ထွက်ပြေးနေကြရသည်။

ချင်းပြည်နယ်ရှိ ပဋိပက္ခများအတွင်းမှ အရပ်သားပြည်သူများကို ကာကွယ်ပေးရန် ND-Burma ၏  ဆက်စပ်အဖွဲ့ဝင် အဖွဲ့အစည်းဖြစ်သည့်ချင်းလူ့အခွင့်အရေးအဖွဲ့မှ ဆက်လက်တောင်းဆိုနေသည်။ ချင်းပြည်နယ်တွင် ဒေသခံများသည် အကြောင်းပြချက်မရှိဘဲ ဖမ်းဆီး၊ ထိန်းသိမ်းခံနေရသည်။



# ကချင်ပြည်နယ်

ကချင်ပြည်နယ် ကွတ်ခိုင်မြို့နယ် အနီးရှိ စစ်ပြေးဒုက္ခသည်စခန်းတွင် ခိုလှုံနေရသည့် အရပ်သားများသည်လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း ခံခဲ့ရသည်။ ရွှေ့ပြောင်းဒုက္ခသည်များကို တမင် ပစ်မှတ်ထားပုံရသည့် တိုက်ခိုက်မှုတွင် အမျိုးသမီး သုံးဦး သေဆုံးပြီး အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုဒေသတွင် တိုက်ပွဲများမရှိသည့်အချိန်တွင် လေကြောင်းမှ တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများမှ ပြောကြားခဲ့သည်။ စခန်းအတွင်းသို့ လက်နက်ကြီး ကျည်ကျရောက်သွားပြီးနောက် ချက်ချင်းပင် ကြောက်ရွံ့ထိတ်လန့်မှု ဖြစ်စေခဲ့သည်။ တိုက်ခိုက်မှုအပြီးတွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်။ ရွာသူရွာသားများသည် အနီးနားရှိ ဘုရားကျောင်းသို့ ထွက်ပြေးတိမ်းရှောင်နေကြပြီး စခန်းသည် လုံခြုံမှုမရှိတော့ဟု ခံစားလာရသည်။ အတိုက်အခံအင်အားစုများ၏ အပြင်းအထန် ခုခံသည့်ဒေသများတွင် စစ်အုပ်စုသည် ၎င်းတို့၏ စစ်အင်အားကို တိုးမြှင့်ခဲ့သည်။

ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော ကချင်အမျိုးသမီးများအစည်းအရုံး ထိုင်းနိုင်ငံမှ မကြာသေးမီက ထုတ်ပြန်ခဲ့သော “ဝေဟင်မှ ခြိမ်းခြောက်မှု အသစ်များ” အစီရင်ခံစာသည် စစ်အာဏာရှင်များ၏ ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများ၏ အသေးစိတ် အထောက်အထားများကို ဖော်ပြထားသည်။



# စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးတွင် အရပ်သားများကို ပစ်မှတ်ထားသော နယ်မြေရှင်းလင်းရေး ထိုးစစ်ဆင်မှုများဆက်လက်ဖြစ်ပွားနေသည်။ ချိုးဖောက်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများသည် ပြင်းထန်ကြမ်းတမ်းသော မတရား ညှဉ်းပန်းနှိပ်စက်မှုများကို ရင်ဆိုင်နေရသည်။ မကြာသေးမီအချိန်တွင် အရပ်သား ငါးဦးကို ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ကနဦး ဖမ်းဆီးခံရသူများတွင် လူငယ်တစ်ဦး အပါအဝင် အမျိုးသမီး သုံးဦး ပါဝင်ခဲ့သည်။ ချောင်းဦးမြို့နယ်တွင် အမျိုးသားများ အသတ်ခံခဲ့ရပြီး ၎င်းတို့၏ အလောင်းများကို မီးရှို့ခဲ့ကြောင်း သိရသည်။ မီးလောင်ကျွမ်းထားသည့် ရုပ်အလောင်းများ၏ မျက်နှာနှင့် ဦးခေါင်းတို့တွင် သေနတ်ဒဏ်ရာများ တွေ့ရှိခဲ့သည်။ စစ်တပ်သည် ရွာသားများကို ဖမ်းဆီးပြီး လူသားဒိုင်းအဖြစ် အသုံးပြုကာ ၎င်းတို့၏ လက်နက်နှင့် ရိက္ခာများ သယ်ဆောင်ရန် ခိုင်းစေခဲ့သည်။ ရိက္ခာမသယ်နိုင်သော ဒေသခံများပြည်သူများသည် ပစ်သတ်ခံခဲ့ရသည်။

စစ်ကိုင်းတိုင်းဒေသကြီး  ဆားလင်းကြီးမြို့နယ်တွင် လယ်သမား ၂ ဦးအားလည်း စစ်တပ်မှ ရက်ရက်စက်စက် ခုတ်ထစ်သတ်ဖြတ်ခဲ့ပါတယ်။ အငြင်းပွားရာန တရုတ်ဝမ်ပေါင် အင်ဂျင်နီယာ ကုမ္ပဏီ မိုင်းတွင်းမှ မြန်မာစစ်တပ်များသည်လည်း ရွာသူရွာသား နှစ်ဒါဇင်နီးပါးအား ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး အိမ်ခြေ ၇၀ ကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။ တိုက်ပွဲများဖြစ်ပွားခြင်းမရှိသော ယင်းမာပင်မြို့နယ်တွင်းသို့ ၂၀၂၁ ခုနှစ် ဇွန်လ ၂၀ ရက်နေ့ တနင်္လာနေ့တွင် အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ထောင်နှင့်ချီသော ရွာသူရွာသားများ ထွက်ပြေးခဲ့ရသည်။ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ထိုးစစ်ဆင်မှုများတွင် အရပ်သားများသည် ပြင်းထန်စွာ ပစ်မှတ်ထားခံနေရပြီး  နိုင်ငံတစ်ဝှမ်းလုံးတွင် စစ်တပ်သည်  ပြစ်ဒဏ်ကင်းလွတ်ခွင့်ဖြင့် ချိုးဖောက်မှုများ ဆက်လက် လုပ်ဆောင်နေသည်။

# နေ့စဉ်အလိုက် မှတ်တမ်းများ

ဇွန်လ စတုတ္ထပတ်
၂၀၂၂ ခုနှစ် ဇွန်လ ၂၀ ရက်နေ့မှ ၂၆ ရက်နေ့အထိ

**၂၀** ကမ္ဘာ့ဒုက္ခသည်များနေ့တွင် ပဋိပက္ခဖြစ်ပွားရာဒေသများမှ ဘေးကင်းလုံခြုံစွာ ဖြတ်သန်းသွားလာနိုင်ရေးနှင့် ခိုလှုံခွင့်တောင်းခံရာတွင် အကာအကွယ်ပေးရန် တောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။

**၂၁** ပြင်သစ်သမ္မတ၊ သမ္မတ Emmanuel Macron အား ဥရောပသမဂ္ဂမှ ပိတ်ဆို့အရေးယူမှုများတွင် Total Energies ၏ ကင်းလွတ်ခွင့်များကို အသုံးပြုခြင်း အားခွင့်မပြုရန် ND-Burma မှ ပူးတွဲဆောင်းဆိုခဲ့သည်။ လူမျိုးတုန်းသတ်ဖြတ်နေသော စစ်အုပ်စု၏ အပြစ်မဲ့အရပ်သားများအပေါ် ရာဇဝတ်မှုကျူးလွန်ခွင့်ပြုသည့်ရန်ပုံငွေအားလုံးကို ဖြတ်တောက်ပစ်ရမည်။

**၂၂** အကြမ်းဖက် စစ်အုပ်စု၏ ကာကွယ်ရေးဝန်ကြီးဖြစ်သူ မြထွန်းဦးအား အစည်းအဝေးသို့ ဖိတ်ကြားခြင်း မပြုရန် အရပ်ဘက်အဖွဲ့အစည်းများက ကန့်ကွက်ကြသော်လည်း အာဆီယံကာကွယ်ရေးဂန်ကြီးများ အစည်းအဝေးကို ကမ္ဘောဒီးယားတွင် ကျင်းပပြုလုပ်ခဲ့သည်။

**၂၃** နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အကျဉ်းထောင်အတွင်းရှိ သီးခြားအဆောက်အအုံငယ်တခုတွင်းသို့ ပြောင်းရွှေ့ချုပ်နှောင်ရန် အမိန့်ချခဲ့သည်။ သူမသည် စစ်အုပ်စု၏ အခြေအမြစ် မရှိသော စွပ်စွဲချက်များကို ဆက်လက် ရင်ဆိုင်နေရဆဲဖြစ်သည်။

**၂၄** အကျဉ်းထောင်များသို့ သွားရောက်လည်ပတ်မှု ပြန်လည်စတင်ရန် နိုင်ငံတကာ ကြက်ခြေနီကော်မတီ၏ တောင်းဆိုမှုကို စစ်အုပ်စုမှ ပယ်ချခဲ့သည်။

**၂၅** ဒေါ်အောင်ဆန်းစုကြည်ကို အချုပ်ခန်းထဲ ပြောင်းရွှေ့ချုပ်နှောင်သည့် သတင်းနှင့် ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများမှ စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောလာသည်။

**၂၆** ND-Burma ၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ညှဉ်းပန်းနှိပ်စက်ခံရသူများကို ကူညီထောက်ပံ့ရေး အပြည်ပြည်ဆိုင်ရာနေ့တွင် လူသားအားလုံးကို ညှဉ်းပန်းနှိပ်စက်ခြင်းအား ပြစ်တင်ရှုတ်ချကြောင်း ထုတ်ပြန်ခဲ့သည်။



လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma